ထိုင်းနိုင်ငံ စမုစခွန်ခရိုင်တွင် Data Collection Center ဖွင့်လှစ်ဆောင်ရွက်ပေးမည့် ကိစ္စ

၁။ ထိုင်းနိုင်ငံတွင် ရောက်ရှိအလုပ်လုပ်ကိုင်လျက်ရှိကြသော မြန်မာနိုင်ငံသား အလုပ်သမားများ အားလုံး အတွက် ၂၀၁၂ - ၁၃ ခုနှစ်တွင် ယာယီအားဖြင့်ထုတ်ပေးခဲ့သော ယာယီနိုင်ငံကူးလက်မှတ်(ခရမ်းရောင် ပတ်စပို့)များ၊ CI စာအုပ်များမှ Passport အကြီးပြောင်းလဲလျှောက်ထားလိုသူများ ၊ MOU စနစ်ဖြင့် လာရောက်ပြီး၊ (၄) နှစ်ပြည့်မြောက်ပြီး၊ စာအုပ်အသစ် သက်တမ်းထပ်မံတိုး၍ ဆက်လက် အလုပ်လုပ်ကိုင် မည့်သူများအတွက် Passport လျှောက်ထားခြင်းလုပ်ငန်းစဉ် (Data Collection) ပြုလုပ်ခြင်းကို ထိုင်းနိုင်ငံ စမုစခွန်ခရိုင်၊ မဟာချိုင်တွင် စတင်ဖွင့်လှစ်နိုင်ရေး နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်လျက် ရှိရာ ၃-၁၂-၂၀၁၈ ရက်နေ့ တွင် ထိုင်းနိုင်ငံမှ အခြေအနေတစ်ခုအထိ သဘောတူခွင့်ပြုထားပြီး ဖြစ်ပါသည်။

၂။ ဖော်ပြပါ Data Collection Center တွင် အပိုင်းအားဖြင့် (၂) ပိုင်းပါဝင်မည်ဖြစ်ပါသည်။ ပထမအပိုင်း (Type-A) အနေဖြင့် ၂၀၁၃ ခုနှစ်တွင် ထုတ်ပေးထားသည့် ခရမ်းရောင်ပတ်စပို့များသည် ထိုင်းနိုင်ငံအတွင်း တရားဝင်နေထိုင်အလုပ်လုပ်ကိုင်ခွင့် ရရှိထားသူဖြစ်ပါက သက်တမ်းကုန်ဆုံး တော့မည့် ခရမ်းရောင် စာအုပ်အား သက်တမ်းထပ်မံတိုးရန် နှင် PJ စာအုပ်အကြီး ထပ်မံထုတ်ယူရန်နှင့် အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးရန် အတွက် Data Collection Center တွင် လာရောက် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ် အထိထုတ်ပေးခဲ့သောCI စာအုပ်များ အား လည်း၊ PJ စာအုပ် အကြီး လျှောက် ထားလိုပါက Data Collection Center တွင် အပိုဒ်(၂) တွင်ဖော်ပြထားသည့် အတိုင်း ခရမ်းရောင် စာအုပ်များ နည်းတူ လာရောက် လျှောက်ထားနိုင်ပါသည်။

၃။ (Type-B) အနေဖြင့် ၂၀၁၅ ခုနှစ်မှစ၍ MOU စနစ်ဖြင့်လာရောက်ခဲ့ကြပြီး၊ (၄) နှစ်ပြည့် မြောက်ခဲ့ကြပြီး MOU စနစ်ဖြင့် ဆက်လက်အလုပ်လုပ်ကိုင်ကြမည့် သူများအနေ ဖြင့် စာအုပ်သက်တမ်းတိုးရန်နှင် စာချုပ်ပြန်ချုပ်ရန်၊ အတွက် ကိုလည်း Data Collection Center တွင် Passport ကြိုတင်လျှောက်ထားခြင်း လုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၄။ အထက်တွင်ဖော်ပြခဲ့သော Data Collection Center တွင် Passport ကြိုတင်လျှောက်ထားမှု အတွက် Type-A တွင်ပါဝင်သော ထိုင်းနိုင်ငံအတွင်း နေထိုင်အလုပ်လုပ်ကိုင်ခွင့်ရရှိပြီးသူ ခရမ်းရောင်စာအုပ်နှင့် CI စာအုပ် ကိုင်ဆောင်ထားသူများအနေဖြင့် Passport လျှောက်ထားခြင်း အတွက် လိုအပ်သည့် စာရွက်စာတမ်း များ နှင့် ထိုင်းနိုင်ငံအတွင်း နေထိုင်အလုပ်လုပ်ကိုင်ခွင့် ရရှိထားသော အထောက်အထားများ တင်ပြ၍ Data Collection Center တွင် လျှောက်ထားနိုင်ပြီး၊ လိုအပ်သည့် အချက်အလက်များကို စိစစ်လက်ခံပြီး၊ နိုင်ငံသားစိစစ်ရန်အတွက် မြန်မာနိုင်ငံသို့ ဆက်လက်ပေးပို့ပေးမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ သက်ဆိုင်ရာ ဌာနအသီးသီးမှ နိုင်ငံသား စိစစ်ခြင်း နှင့်ပတ်သက်ပြီး၊ ပြန်ကြားချက်ရရှိပါကကြေငြာပေးမည်ဖြစ်ပါသည်။ နိုင်ငံသားစိစစ်ခြင်း အောင်မြင်သူ များအနေဖြင့် ပတ်စပို့စာအုပ်ထုတ်ယူရန် ပတ်စပို့ စာအုပ်ဖိုးငွေ (၁၀၅၀) ဘတ်နှင့် 7 –eleven ဆိုင်များတွင် ဝန်ဆောင်ခ(၁၀) ဘတ် စုစုပေါင်း(၁၀၆၀ဘတ်) အား မိမိတို့ အား Data Collection Center မှ ပေးလိုက်သည့် DEO - စလစ်အား ပြသ၍ ပေးသွင်းရမည် ဖြစ်ပါသည်။

7-Eleven မှ ငွေလက်ခံရရှိသည့် စလစ် နှင့် Data Collection Center တွင် Passport အား ထုတ်ယူရမည်ဖြစ်ပါသည်။ Passport ထုတ်ယူရရှိပြီးသူများ၏ ထိုင်းနိုင်ငံအတွင်း နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့် ဆိုင်ရာအချက်အလက်များအတွက် စာအုပ်အသစ်ပေါ်တွင် တာဝန်ခံ ရဲမှူးကြီးမှ Observation လက်မှတ်ရေးထိုးပေးမည်ဖြစ်ပြီး၊ ၄င်းစာမျက်နှာနှင့် ယခင်စာအုပ်အဟောင်းအား ပြသ၍ Data Collection Center တွင် One Stop Service ဖြင့်သော်လည်းကောင်း၊ မိမိတို့နေထိုင်ရာမြို့နယ် ခရိုင်များ ရှိ သက်ဆိုင်ရာဌာနများတွင်လည်းကောင်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၅။ (Type B )တွင်ပါဝင်သော MOU (၄)နှစ်ပြည့်အလုပ်သမား များနှင့် အထောက်အထားအမျိုးမျိုးဖြင့် အလုပ်လုပ်ကိုင်လျက်ရှိပြီး၊ MOU U-Turn စနစ်ဖြင့် ပြန်လည်ဝင်ရောက်အလုပ်လုပ်ကိုင်ကြမည့် အလုပ်သမားများအနေဖြင့် Passport အသစ်ကြိုတင်လျှောက်ထားရန်နှင့် လိုအပ်သည့် အချက်အလက်များ မေးမြန်း စုံစမ်းနိုင်ရန် Data Collection Center သို့ဆက်သွယ်ဆောင်ရွက်နိုင်ပြီး၊ Data Collection Center တွင် Passport ကြိုတင်လျှောက်ထားခြင်းအတွက် ငွေပေးသွင်းရန်မလိုပဲ၊ နိုင်ငံသားစိစစ်မှု အောင်မြင်ပြီး၊ နီးစပ်ရာနယ်စပ်စခန်းများတွင် Passport စာအုပ်ထုတ်ယူသည့်အချိန်တွင် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးဌာနစိတ်မှ သတ်မှတ်ထားသောနှုန်းထားအတိုင်း ကျသင့်ငွေပေးသွင်း ၍ Passport အား ထုတ်ယူရမည်ဖြစ်ပါသည်။

၆။ Data Collection Center နှင့် ပတ်သက်ပြီး ကြိုတင်လျှောက်ထားခြင်း၊ MOU U-Turn Process များအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် အသေးစိတ်နှင့် Centerဖွင့်လှစ်မည့်ရက် အားဆက်လက်တင်ပြပေးသွားမည်ဖြစ်ပါသည်။

အလုပ်သမားသံအရာရှိရုံး
ဘန်ကောက်မြို့၊ထိုင်းနိုင်ငံ